လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

ဗဟိုကော်မတီ အထူးအစည်းဝေး၏ သတင်းထုတ်ပြန်ချက်

"စိန်ခေါ်မှုအသစ်တွေကို ရင်ဆိုင်ကျော်လွှားဖို့ ပိုင်းဖြတ်ချက်ရှိရှိ ပြင်ဆင်ထားရလိမ့်မယ်"

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ ဗဟိုကော်မတီအထူးအစည်းအဝေးအား ၂၀၀၉ ခုနှစ် ဇူလိုင်လ (၂၀)ရက်နေ့မှ (၂၄)ရက်နေ့အထိ ထိုင်း–မြန်မာနယ်စပ်တနေရာတွင် ကျင်းပပြုလုပ်ခဲ့သည်။ ထိုအစည်းအဝေးတွင် လက်ရှိနိုင်ငံရေးဖြစ်စဉ်များအပါ ခြုံငုံသုံးသပ်ချက်နှင့် ပါတီလုပ်ငန်းအစီရင်ခံစာကို ဗဟိုအလုပ်အမှုဆောင်ကော်မတီက တင်ပြပြီး တက်ရောက်လာသော ဗဟိုကော်မတီဝင်များက ဆွေးနွေးအတည်ပြုခဲ့ကြသည်။

ထို့အပြင် ဖြစ်ပေါ်လာသည့် ပြည်တွင်းပြည်ပအခြေအနေများအောက်တွင် နအဖ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(၂၀၀၈)ကို ဆန့်ကျင်တိုက်ဖျက်ရေးအတွက် ဥပဒေတွင်းဥပဒေပတိုက်ပွဲများ ဆင်နွှဲနိုင်ရန် ပြင်ဆင်ထားရှိရေးနှင့် ကျစ်လစ်သိပ်သည်း၍ အရည်အချင်းကောင်းသည့် ပါတီတရပ်အဖြစ် တည်ဆောက်သွားရေးအပါအဝင် နိုင်ငံရေး၊ စည်ရုံးရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် ၂၀၁၀ မတိုင်မီနှင့် ၂၀၁၀ အလွန်ကာလများအတွက် လုပ်ဆောင်သွားရမည့် ရှေ့လုပ်ငန်းစဉ်များကိုလည်း တညီတညွတ်တည်း ဆွေးနွေးချမှတ်ခဲ့ကြသည်။

ပါတီ ဗဟိုကော်မတီ အထူးအစည်းအဝေး ကျင်းပရခြင်းနှင့် ပတ်သက်၍ "ဒီကနေ့ အခြေအနေတွေအတွက်ကော နောက်ရေရှည်မှာ ရင်ဆိုင်ကြုံတွေ့ရမယ့် စိန်ခေါ်မှုတွေအတွက်ပါ ကျနော်တို့ ဘယ်လို ပြင်ဆင်ကြမလဲဆိုတဲ့ကိစ္စကို ကျနော်တို့ ရဲဘော်ရဲဘက်တွေအကြားမှာ နဖူးတိုက်ဒူးတိုက် သေသေချာချာ ဆွေးနွေးပြီးတော့ အဖြေရှာဖို့ လိုအပ်နေပါတယ်၊ လိုအပ်နေပါပြီ" ဟု ပါတီဥက္ကဋ္ဌ ရဲဘော်အောင်မိုးဇော် က ပြောကြားခဲ့သည်။ "ဒီကနေ့တည်ရှိနေတဲ့ အခြေအနေမှာ ပိုင်းဖြတ်ချက်ရှိရှိ မလုပ်ဘူး၊ ပိုင်းဖြတ်ချက်ရှိရှိ ပြင်ဆင်မထားဘူး ဆိုလို့ရှိရင် ခက်ခဲလိမ့်မယ်။ ရှေ့အနာဂတ်မှာ စိန်ခေါ်မှုအသစ်တွေကို ရင်ဆိုင်ရလိမ့်မယ်။ ဒီ့အတွက် ကျနော်တို့ တပါတီလုံးက ပြင်ဆင်ထားနိုင်ရေး လုပ်ဆောင်ဖို့ အရေးကြီးတယ် "ဟု ဆက်လက်ပြောကြားခဲ့သည်။

ထိုအစည်းဝေးတွင် အထွေထွေနိုင်ငံရေးသဘောထားနှင့် လတ်တလောလုပ်ငန်းစဉ်များကိုလည်း လက်ရှိနိုင်ငံရေး ဖြစ်ထွန်းမှုများနှင့် အညီ ပြင်ဆင်တိုးချဲ့အတည်ပြုခဲ့သည်။ ဆက်လက်ပြီး ပါတီ၏ ဖွဲ့စည်းမှုကို ယနေ့တည်ရှိနေသော ပကတိအခြေအနေနှင့်အညီ ပြင်ဆင်ပြောင်းလဲခဲ့ပြီး ဗဟိုဦးဆောင်ကော်မတီကို အောက်ပါအတိုင်း ပြန်လည်စုစည်းခဲ့သည်။

(၁) ရဲဘော် အောင်မိုးဇော်	ဥက္ကဋ္ဌ
(၂) ရဲဘော် ယဉ်ထွေး	ဒုတိယ ဥက္ကဋ္ဌ
(၃) ရဲဘော် ခင်မောင်တင့်	အထွေထွေအတွင်းရေးမှူး
(၄) ရဲဘော် ငွေလင်း	တွဲဘက် အထွေထွေအတွင်းရေးမှူး
(၅) ရဲဘော် မင်းလွင်	ဗဟိုဦးဆောင်ကော်မတီဝင်
(၆) ရဲဘော် ထွန်ဦးလှိုင်	ဗဟိုဦးဆောင်ကော်မတီဝင်
(၇) ရဲဘော် ဇော်ဇော်ထွန်း	ဗဟိုဦးဆောင်ကော်မတီဝင်
(၈) ရဲဘော် တိုးတိုးထွန်း	ဗဟိုဦးဆောင်ကော်မတီဝင်

ဗဟိုဦးဆောင်ကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

၂၀၀၉ ခုနှစ် ဇူလိုင်လ ၂၅ ရက်။

ဆက်သွယ်ရန် ရဲဘော်အောင်မိုးဇော် (၆၆ ၈၁ ၂၈၁၅၃၅၀)
ရဲဘော်ခင်မောင်တင့် (၆၆ ၈၉ ၅၅၄၄၆၈)